ဆွတ်ပလောင်းကျေးရွာ

မိုင်းခတ်မြို့နယ်



၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဆွတ်ပလောင်းကျေးရွာ၊ မိုင်းခတ်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်

မာတိကာ

မာတိကာ

စကားချီး ၁

ဆွတ်ပလောင်းကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းခတ်မြို့နယ်

ရာသီခွင်ပြ ပြက္ခဒိန်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ
(က) ဦးစားပေး စီမံချက်များ
(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(ဂ) ဖွံ့ဖြိုးရေးဗျူဟာအခြေပြဇယား

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်ခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစာ
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၃/၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၈ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက် ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအ ခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဆွတ်ပလောင်းကျေးရွာ

ဝမ်ခုတ်အုပ်စု

မိုင်းခတ်မြို့နယ်

ဆွတ်ပလောင်းကျေးရွာ၏ သယံဇာတပြမြေပုံ




ဆွတ်ပလောင်းကျေးရွာ၏ ရာသီခွင်ပြ ပြကွက်ဒိန်

ရာသီခွင်ပြ ပြကွက်ထိန်

အဖွဲ့ကိုယ်စားလှယ်.....ကျေးရွာ၊ ဝန်ထမ်း.....ကျေးရွာအုပ်စု၊ မိုင်းခတ်မြို့

စဉ်	အကြောင်းအရာ	လပြည့်ဝန်းဝိုင်	လပြည့်တွင်တစ်စိတ်	လတွင်	ထီးဖြူ	လစေး	လဝိုင်	လင်ပိုင်းပို	လတံငါကြာ	လယာဉ်တန်းလန်း	လယာဉ်ပျောက်စေး	လယာဉ်ဝန်းဝိုင်	လယာဉ်ထီးဖြူ
၁	ရာသီဥတု (နေပူခြင်း)												
၂	ရာသီဥတု (မိုးရွာခြင်း)			-	-					-	-	-	-
၃	စိုက်ပျိုးရေး	-	-	-	-	-	ဝါး ၇ ၇ ၇ ၇ ၇ ၇ ၇ ၇	-	-	-	ဝါး စိုက်သမိုး	-	-
၄	ဝင်ငွေ	$ $	$ $	$	-	-	-	-	-	-	-	-	$ $
၅	ရေရှားပါးမှု	∪	∪	∪	∪	∪	∪	∪	∪	∪	∪	∪	∪
၆	ရောဂါ(လူ)	-	-	-	-	-	-	ကာဒ တုတ်ကွေး	ရာဒ တုတ်မွေး		-	-	-
၇	ရောဂါ(တိရစ္ဆာန်)	-	-	-	-	-	-			-	-	-	-
၈	ပွဲတော်	-	-	-	သင်္ကြန် ပွဲ	-	ဝါဆို ပွဲ	-	-	-	ဖျော်ဖွေရေး ပွဲ	-	-
၉	သဘာဝဘေး	-	-	-	-	-	-	-	-	-	-	-	-

ဆွတ်ပလောင်းကျေးရွာ၊ ကျေးရွာတွင်း အဖွဲ့အစည်းများချိတ်ဆက်ခြင်း



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်း များ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ် ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာ ကြပါ သည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက် များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာ စီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေး ကိုအပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိ အောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက် များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေ ပညာရှင် များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှု များကိုသိရှိစေရန် မျှော်လင့် ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ် နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများ အားတင်ပြ မည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလား ချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာ မြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိ လာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများ ကိုစီစဉ် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်း မွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြု လာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံ ကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက် ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဆွတ်ပလောင်းကျေးရွာသည် မိုင်းခတ်မြို့နှင့်(၄)မိုင်ကွာတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မိုင်းခတ်မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ကြပါ သည်။

ကျေးရွာ၏တစ်နှစ်ပျှမ်းမျှမိုးရေချိန်သည် လက္ခ(၈၀)မှ (၁၀၀)ဝန်းကျင်ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အထောက်အကူပြုပါသည်။ ကျေးရွာ၏ မြေပြင်အနေ အထား မှာ မြေပြန့်ဒေသဖြစ်သည်။ လယ်၊ခြံမြေများသည် စပါး နှင့် ဟင်းသီး ဟင်းရွက်တို့ကို ရာသီအလိုက် စိုက်ပျိုးရန်အတွက် အဓိကအားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်နှင့်ခြံမြေများရှိကြပြီး မြေပြန့်ဒေသဖြစ်၍ မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ စိုက်ပျိုးရေးအတွက် မိုးရေနှင့် ချောင်းရေကို အသုံးပြုကြသည်။ စိုက်ပျိုးနိုင်သည့်ဧက(၅၀)ဧကရှိသည်။ စပါး နှင့် ဟင်းသီးဟင်းရွက် ကို စိုက်ပျိုးကြသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

ဆွတ်ပလောင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၇၆)စုနှင့် ကျား(၁၉၉)၊ မ(၁၈၁) ဦးရှိပြီး လူဦးရေ ပေါင်း(၃၈၀)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅.၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက်များပါသည်။ကျေးရွာတွင် ရှမ်းလူမျိုးများအများဆုံး နေထိုင်ကြပြီး အလုပ်လုပ် နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေစုစုပေါင်း၏(၇၂.၉%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေး လုပ်ငန်းများဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် အသင့်အတင့် ရှိသည်။ ဆင်းရဲသောအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၃၀%)သည် ဆင်းရဲသောအိမ်ထောင်စုအဖြစ် ခံယူကြပြီး (၇၀%)သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။

ကျေးရွာရှိ အိမ်ထောင်စုအများစုသည် လယ်၊ခြံမြေပိုင်ဆိုင်မှု လယ်ယာသုံး စက်ကရိယာများ ပိုင်ဆိုင်သူများ ဖြစ်သောကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ရှိသည်ဟု သတ်မှတ်နိုင်သည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ရာသီအလိုက် လယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင်လျက်ရှိပြီး မွေးမြူရေး လုပ်ငန်းကိုလည်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်လျက်ရှိသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအနည်းငယ်ရှိကြောင်းတွေ့ရသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု များသည် သူတစ်ပါးထံမှ မချေးငှား ဘဲနပ်မှန် စားသုံးနိုင်ကြ သည်။

ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ် မရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများပြားသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု နှင့် ဆင်းရဲ၍ မိသားစုဦးရေ များပြားသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စုလည်း မရှိပါ။ ကျေးရွာတွင် လူငယ် လူရွယ် များသည် အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်အနည်း ငယ်ရှိကြပြီး ယာဉ်မတော်တဆ ဖြစ်ပွားမှုမရှိခဲ့ပါ။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ် လူရွယ်၊ သက်ကြီးပိုင်းတို့သည်တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့်ကျန်းမာရေး အသိအမြင်အားနည်းကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ရွာနှင့်(၅၀)မိုင်ခန့် ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်သော မိုင်းခတ် ပြည်သူ့ဆေးရုံကြီး၊ ဆေးဆိုင်၊ ဆေးခန်းများမှလည်း လက်လှမ်းမီသည်။ ကျေးရွာတွင်သောက်သုံးရေအတွက် ရေလုံလောက်မှု မရှိကြောင်း တွေ့ရှိရသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တက်မြောက်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းမရှိသောကြောင့် မိုင်းခတ်မြို့ပေါ်သို့ တက်ရောက်သင်ကြားလျက်ရှိ ကြောင်းတွေ့ရသည်။ သို့သော်အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

(စ) ကျား-မရေးရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာတိုင်းရင်းသားယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စဉ်လာများ၏ စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ပါ။

ကျေးရွာ၏လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသမီးအရေအတွက်သည် အမျိုးသား လူဦးရေထက် နည်းကြောင်းတွေ့ရသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးသည် သာမန် အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘူယျ အားဖြင့် ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မအရေအတွက်မှာကျား အရေအတွက်ထက် နည်းပါသည်။ အမျိုးသမီးများ အတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်လည်း ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ

အမျိုးသမီးပါဝင်မှုမှာ အလွန်အားနည်းသည်။ ကျား-မတန်း တူညီမျှမှု၊ ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူ ညီမျှမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ မရှိပါ။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးကိုအဓိကထားစိုက်ပျိုးကြပြီး ပြောင်းအနည်းငယ်ကို ရာသီအလိုက် စိုက်ပျိုးကြသည်။စပါးစိုက်ဧက(၇၆)ဧက၊ရှိပါသည်။ စပါးပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှတင်း (၁၀၀)ခန့် ထွက်ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုကိုရရှိနိုင်မှုအားနည်းပြီး စိုက်ပျိုးရေးကုမ္ပဏီများ မရှိသည့်အတွက် ဝန်ဆောင်မှုများမရရှိနိုင်ပါ။ တောင်သူများသည် လယ်ယာများတွင် အလုပ်သမားများ ငှားရမ်းလုပ်ကိုင်လျက်ရှိပြီး စပါးစိုက်ခင်းများတွင် ရံဖန်ရံခါ ဖျက်ပိုးများ ကျရောက်တတ်ပြီး နည်းပညာအားနည်းခြင်း စနစ်တကျသုံးစွဲမှု အားနည်းခြင်းကြောင့် ထိရောက်သော ဖျတ်ပိုးနှိမ်နှင်း ရေးနည်းစနစ်ကို လိုအပ်နေကြသည်။

ဒေသကြက်မွေးမြူသည့် အိမ်ထောင်စု မှာ(၇၆)စုရှိပြီး၊နွားမွေးသည့် အိမ်ထောင်စုမှာ (၂၇)စု၊ ကျွဲမွေးသည့်အိမ်ထောင်စုမှာ(၄၅)စု၊သိုးမွေးသည့် အိမ်ထောင်စုမှာ(၁)စု၊ ဝက်မွေးသည့် အိမ်ထောင်စု (၅၀)စု၊ ကြက်မွေးသည့်အိမ်ထောင်စု(၇၆)စုနှင့် ဘဲမွေးသည့်အိမ်ထောင်စု(၁)စုရှိသည်။ တခါတလေ ရောဂါကြောင့်သေဆုံးခြင်းများရှိတတ်သည်။ မွေးမြူရေးနည်းပညာဝန်ဆောင်မှုလိုအပ် ကြောင်းတွေ့ရသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာတွင် အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ။ အခြားလုပ်ငန်းများမှ ရာသီအလိုက် ဝင်ငွေရရှိမှုမှာ အနည်းငယ်မှ အတော်အသင့်အနေအထားတွင် ရှိသည်။ လက်လုပ် လက်စား အလုပ်များမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြားသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မိုင်းခတ်မြို့တွင် သက်မွေးဝမ်းကျောင်း သင်တန်းများကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ မော်တော်ဆိုင်ကယ်၊ဝပ်လျှော့ စသည့် လုပ်ငန်းများသည် အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်သော်လည်း ရွာသားအများ အနေဖြင့် အဆိုပါသင်တန်း များနှင့် အထိအတွေ့ နည်းပါးကြသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ဆွတ်ပလောင်းကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင် ဆိုင်ရာအသိပညာပေး လုပ်ငန်းများမြှင့်တင် ဆောင်ရွက်ပေးသင့်သည်။အမှိုက်ကျင်းအဖြစ် သီးသန့် ထားရှိခြင်း မရှိကြပေ။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဆွတ်ပလောင်းရွာရှိ ဆင်းရဲသောအိမ်ထောင်စုများသည်မိတ်ဆွေ၊မိသားစု များထံမှ နားလည်မှုဖြင့် ချေးယူကြပြီး တစ်ချို့မှာ သူတစ်ပါးဆီမှ ချေးယူခြင်းမရှိဘဲ နေထိုင် စားသောက်နေကြသည်။ ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားခြင်းမရှိပါ။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိသောကြောင့် မိုင်းခတ်မြို့ပေါ်သို့ တက်ရောက်သင်ကြားလျက်ရှိကြောင်းတွေ့ရသည်။

ဆွတ်ပလောင်းကျေးရွာသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို မိုင်းခတ်ပြည်သူ့ဆေးရုံသို့ တက်ရောက် ကုသကြသည်။

သောက်သုံးရေအတွက် စိမ့်စမ်းရေကို အသုံးပြုသည့်အပြင် သုံးရေအတွက်လည်း လုံလောက်မှု ရှိသည်။ ကျေးရွာတွင် ယင်လုံအိမ်သာကိုအသုံးပြု ကြပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့် မရှိပေ။ကျေးရွာတွင် လူငယ်များသည် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များ

တွင်လည်း ရိုးရာအက၊သီချင်းများဖြင့် ပါဝင်တင်ဆက်ကြသည်။ ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

(ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ရွာတွင်းလမ်းသည် ကွန်ကရစ်လမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုလျက်ရှိသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပမ်းဆက်သွယ်ရေး အတွက်မော်တော် ဆိုင်ကယ်(၆၀) စီး၊ ထော်ကျီ(၄)၊ကား(၁)စီးကိုအသုံးပြုလျက်ရှိသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ဆိုလာစနစ်ဖြင့် အသုံးပြုလျက်ရှိသည်။ ကျေးရွာတွင် မိုးဘိုင်းဖုန်း ဆက်သွယ်ရေးကို လက်လှမ်းမီအသုံးပြုနိုင်သည်။ သတင်းစာ၊ ဂျာနယ် တို့ကို ဝယ်ယူဖတ်ရှုသူ လွန်စွာနည်းပါးကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာနများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် ကျေးရွာသူကြီး၊ ကျေးရွာစာရေးတို့မှတဆင့်သာ ဆက်သွယ် ကြပါသည်။ ဆက်သွယ်ရေးအတွက် MPT,CDMA,Ooredoo,Telenorဖုန်းလိုင်း များကိုအသုံးပြုကြသည်။ ကျေးရွာတွင် ဖုန်း(၄၈) လုံးရှိသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်လေ့ မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာသားများသည် မိုင်းခတ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွါးခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၇၂.၉%)ခန့်မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ပညာရေးမှာ အတော်အသင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်း ကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် လူသား အရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေ အနေမှာ ယေဘုယျအားမြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှု များကိုလည်း အလွယ်တကူ လက်လှမ်း

မိနိုင်ကြသည်။ စိုးရိမ်ရသော ဆေးဝါး ကုသမှုအတွက် မိုင်းခတ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်နှင့်ခြံမြေများသည် မြေပြန့်တွင်ရှိပြီး မြေဆီဩဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများသည် စိုက်ပျိုးရေး ထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်သည်။ ရာသီဥတု ကောင်းမွန်ပြီး မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်စေသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် တောင်သူများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

ချေးငွေလိုအပ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် ချေးငွေလက်လှမ်းမီမှု မရှိပါ။

၆။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက် များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များ ကိုရောက်ရှိရန် ပါဝင် ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိက သော့ချက် များဖြစ်သည်။

(က) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစား ပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	မှတ်ချက်
၁	အခြေခံအဆောက်အအုံ	ဂါလံ(၅၀၀၀)ဆံရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ရေဖြန့်ဝေပိုက်လိုင်းတည်ဆောက်ခြင်း		၁	
၂	။	ရွာဝင်လမ်း ကွန်ကရစ်ခင်းခြင်း		၂	
၃	။	ဆိုလာမီးလမ်းမီးတိုင်စိုက်ထူခြင်း		၃	
၄	။	သောက်သုံးရေကန်အတွက်မြေထိန်းနံရံတည်ဆောက်ခြင်း		၄	
၅	။	ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း		၅	

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲ ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင် ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြ ထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇
၁	ဂါလံ(၅၀၀၀)ဆံရေလျှောင်ကန်တည် ဆောက်ခြင်းနှင့် ရေဖြန့်ဝေပိုက်လိုင်း တည်ဆောက်ခြင်း	၁	Â				
၂	ရွာဝင်လမ်း ကွန်ကရစ်ခင်းခြင်း	၂		Â			
၃	ဆိုလာမီးလမ်းမီးတိုင်စိုက်ထူခြင်း	၃			Â		
၄	သောက်သုံးရေကန်အတွက်မြေထိန်းနံရံ တည်ဆောက်ခြင်း	၄				Â	
၅	ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း	၅					Â

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်
အခြေခံအဆောက်အအုံ						
၁။	• မိုးရာသီတွင်မိုးရေတိုက်စားမှုကြောင့်လမ်းပျက်စီးခြင်း	• မြေသားလမ်းဖြစ်ခြင်း	• ကျူးရွာလူထုမှ ပံ့ပိုးမှုရရှိနိုင်ခြင်း	• ဆောင်ရွက်ရန် ရန်ပုံငွေမရှိခြင်း	• ကျူးရွာဆပ်ကော်မတီဖွဲ့စည်းပြီး ကျူး/လက်နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	• ရွာတွင်းကွန်ကရစ်လမ်းခင်း ခြင်း
အခြေခံအဆောက်အအုံ						
၂။	• မိုးရာသီတွင်မိုးရေတိုက်စားမှုကြောင့်လမ်းပျက်စီးခြင်း	• မြေသားလမ်းဖြစ်ခြင်း	• ကျူးရွာလူထုမှ ပံ့ပိုးမှုရရှိနိုင်ခြင်း	• ဆောင်ရွက်ရန် ရန်ပုံငွေမရှိခြင်း	• ကျူးလက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	• ရွာတွင်းကွန်ကရစ်လမ်းခင်း ခြင်း

၃။	• ကျေးရွာရှိသောက်သုံးရေအရည်အသွေးမကောင်းခြင်း	• ကျေးရွာရှိရေတွင်းများမှရေသည် အဝါရောင်များဖြစ်နေခြင်း	• ကျေးရွာလူထုမှ ပံ့ပိုးမှုရရှိနိုင်ခြင်း • ကျေးရွာဘုန်းကြီးကျောင်းတွင် ရေအရည်အသွေးကောင်းသောရေတွင်းရှိခြင်း	•ဆောင်ရွက်ရန် ရန်ပုံငွေမရှိခြင်း	•ကျေးလက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	•ရေစင်ဆောက်လုပ်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း

(ဂ)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၈	၁၅
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၅	၁၃	၂၈
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၁၅	၃၃
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၈	၁၇	၃၅
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၁	၁၀၈	၂၀၉
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၄၀	၂၀	၆၀
စုစုပေါင်း		၁၉၉	၁၈၁	၃၈၀
စုစုပေါင်း အိမ်ထောင်စု		၇၆		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ရှိမ်း လူမျိုးများနေထိုင်ကြပြီး လူဦးရေ ၃၈၀ဦး ရှိကြောင်း တွေ့ရှိ ရသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အဓိကအလုပ်	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၀		၀	မြင့် လတ် ✓ နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀		၀	မြင့် လတ် ✓ နိမ့်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၆	၇၆		မြင့် လတ်✓ နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား / ကျပန်း /	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
	စုစုပေါင်း				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိအိမ်ထောင်စုများ၏အသက်မွေးဝမ်းကျောင်းအတွက် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ကြောင်းတွေ့ရှိရသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၅၀၀၀	၈၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)					
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၃၀၀၀၀	၂၀၀၀၀	၂၀၀၀၀	၁၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း လုပ်အားခ နှုန်းထားအများဆုံး ၃၀၀၀၀ ကျပ်ဖြစ်ပြီး အနိမ့်ဆုံး ၁၅၀၀၀ ကျပ်ဖြစ်ပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
လယ်မြေ	၂၄၃	ကောင်း ✓ သင့် ညံ့
ယာမြေ / တောင်ယာမြေ		ကောင်း သင့် ညံ့
ဥယျာဉ်ခြံမြေ		ကောင်း သင့် ညံ့
ကိုင်း/ ကျွန်းမြေ		ကောင်း သင့် ညံ့
ခနိတောမြေ		ကောင်း သင့် ညံ့
စားကျက်မြေ	၅၀	ကောင်း သင့် ✓ ညံ့
မြေလွတ်မြေလပ်	၁၀	ကောင်း သင့် ✓ ညံ့
စုစုပေါင်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်မြေ အများဆုံးဖြစ်ကြောင်းတွေ့ရသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များသည် √ နည်းသည် မရှိ	လွယ်သည် ခက်သည် အသုံးမပြုနိုင်ပါ √
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များသည် √ နည်းသည် မရှိ	လွယ်သည် ခက်သည် အသုံးမပြုနိုင်ပါ √
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များသည် √ နည်းသည် မရှိ	လွယ်သည် ခက်သည်√ အသုံးမပြုနိုင်ပါ
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များသည် နည်းသည် √ မရှိ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ) နည်းကြောင်း တွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၀	၃၅(၇၀%)	၁၅(၃၀%)	၀

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလယ်အလတ်ရှိသော အိမ်ထောင်စုများပြားကြောင်း တွေ့ ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀

ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်စီးပွားရေးအတင့်အသင့်ရှိသောကြောင့် ဝမ်းစာဖူလုံမှုရှိကြောင်းတွေ့ရှိရသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု			၀ ၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ေရှာက်မှု အထူးလိုအပ်သော မိသားစုများ မရှိကြောင်းတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	လတ်
		နိမ့်	မရှိ√
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့်	လတ်
		နိမ့်	မရှိ√
၃	ရေကြီးခြင်း	မြင့်	လတ်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	
		နိမ့်	မရှိ√
၄	မိုးခေါင်ခြင်း	မြင့်	လတ်
		နိမ့် √	မရှိ
၅	အအေးလွန်ကဲခြင်း	မြင့်	လတ်
		နိမ့် √	မရှိ
၆	မုန်တိုင်း	မြင့်	လတ်
		နိမ့် √	မရှိ
၇	ငလျင်	မြင့်	လတ်
		နိမ့် √	မရှိ
၈	မီးဘေး	မြင့်	လတ်
		နိမ့် √	မရှိ
၉	ဆားငန်ရေဝင်မြေ	မြင့်	လတ်
		နိမ့်	မရှိ √
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်	လတ်
		နိမ့်	မရှိ √
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	လတ် √
		နိမ့်	မရှိ
၁၂	ငှက်ဖျားရောဂါ	မြင့်	လတ်
		နိမ့်	မရှိ√
၁၃	တီဘီရောဂါ	မြင့်	လတ်
		နိမ့်	မရှိ√
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်	လတ်
		နိမ့်	မရှိ √
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်	လတ်
		နိမ့်	မရှိ √

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် လတ် နိမ့် √ မရှိ
၁၇	လူကုန်ကူးခြင်း	မြင့် လတ် နိမ့် မရှိ √
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် လတ် နိမ့် မရှိ √

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်ပေါ်ဒေသဖြစ်သောကြောင့် ငှက်ဖျားရောဂါ ထိခိုက်လွယ်မှု အနည်းရှိပြီး စွမ်းဆောင်နိုင်မှုမှာ နည်းပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် လတ် နိမ့် √ မရှိ
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် လတ် နိမ့် မရှိ√
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် လတ် နိမ့် မရှိ√
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် လတ် နိမ့် မရှိ √
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် လတ် နိမ့် မရှိ √
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် လတ် နိမ့် မရှိ √

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် လတ် နိမ့် မရှိ √
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် လတ် နိမ့် မရှိ √
၉	ငါးကန်ပိုင်ရှင်များ	မြင့် လတ် နိမ့် မရှိ√
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် လတ် နိမ့် မရှိ √
၁၁	လူနည်းစုလူမျိုးများ	မြင့် လတ် နိမ့် မရှိ√
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် လတ် နိမ့် မရှိ √
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် လတ် နိမ့် မရှိ √
၁၄	ရွှေတွင်းလုပ်သားများ	မြင့် လတ် နိမ့် မရှိ √
၁၅	ဆေးစွဲသူများ	မြင့် လတ် နိမ့် မရှိ√
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် လတ် နိမ့် မရှိ √
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့် လတ် နိမ့် မရှိ √
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် လတ် နိမ့် မရှိ √
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် လတ် နိမ့် မရှိ √
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် လတ် နိမ့် မရှိ √

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စွမ်းဆောင်မှု နည်းပါးသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁		၁ ၂ √ ၃				ပညာရေးငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်ညံ့
၂		၁ ၂ ၃				ပညာရေး ငွေကြေး ကျန်းမာရေးဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်ညံ့
၃		၁ ၂ ၃				ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး	ကောင်းသင့်ညံ့

စဉ်	**အဖွဲ့အစည်းအမည်**	**အမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့ဝင်ဦးရေ**			**လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	**စွမ်းဆောင်နိုင်မှု**(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	**မ**	**ပေါင်း**		
						လုံခြုံရေးနှင့် ကာကွယ်ရေး	
၄		၁ ၂ ၃				ပညာရေး ဌေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်ည့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(က–၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ နှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၂		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၃		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၄		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
၅		၁ ၂ ၃	ပညာရေး ငွေကြေး

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ နှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
		၄ ၅ ၆ ၇	ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စုအရေ အတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃၅	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၀	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၅၀	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။

